လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter | သတင်းလွှာ | April 2023


# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေး (၂/၂၀၂၃) ကျင်းပခြင်း



**၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့** **နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၂/၂၀၂၃)ကို (၅-၄-၂၀၂၃)ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အဖွဲ့ဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေး ကျင်းပရခြင်းမှာ ၂၀၂၃ခုနှစ်၊ မတ်လ (၂၁) ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သည့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆွေးနွေးနိုင်ရန် ဖြစ်ပါကြောင်း၊ လက်ရှိတွင် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် စတုတ္ထ(၃)လပတ်အစီရင်ခံစာကိုလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၃) မှာ အတည်ပြု ဆွေးနွေးခဲ့ကြပြီး ကောက်နုတ်ချက် ရေးသားပြုစုနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအနက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဝင်များထဲမှ အဖွဲ့ဝင် (၈) ဦးဖြင့် Core Group ဖွဲ့စည်းထားရှိမှု၊ သက်တမ်းတိုး ဆောင်ရွက်မည့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ (၆)လတစ်ကြိမ် အစီရင်ခံစာ ရေးသားပြုစုနေမှု အခြေအနေများ၊ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှာ ဖွဲ့စည်းထားသည့် အမျိုးသမီးကော်မတီများမှ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ အမျိုးသားအဆင့်ကော်မတီဝင်များမှ ဝိုင်းဝန်း အကြံပြုဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။



ဆက်လက်၍ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး

အမှတ်စဉ် (၁/၂၀၂၃) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများမှ Core Group ဖွဲ့စည်းရေး၊ သက်တမ်းတိုး ဆောင်ရွက်မည့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရေးနှင့် အစီရင်ခံစာ ရေးသားတင်ပြရေးတို့အား ဆွေးနွေးခဲ့ကြပါသည်။

## အတာသင်္ကြန်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲနေမှုကို တက်ရောက်အားပေးခြင်း



**၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့** **နေပြည်တော်**

(၁၅-၄-၂၀၂၃) ရက်နေ့ သင်္ကြန်အကြတ်နေ့တွင် နေပြည်တော် လမ်းလျှောက်သင်္ကြန် အတွင်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အတာသင်္ကြန် ရေကစားမဏ္ဍပ်သို့ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ လာရောက်၍ အေးချမ်းပျော်ရွှင်စွာဖြင့် အတာသင်္ကြန်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲနေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ပါဝင်ဆင်နွှဲ၍ အားပေးခဲ့ကြပါသည်။

အဆိုပါ မဏ္ဍပ်တွင် ဝန်ကြီးဌာန ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများနှင့် ယိမ်းအကအလှများဖြင့် ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်ကြပြီး လာရောက်သည့် ဧည့်ပရိသတ်များကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာယူခြင်း၊ ဓီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးပူဇော်ပွဲကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ — နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာယူခြင်း အခမ်းအနားကို (၁၇-၄-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သုဓမ္မသိင်္ဂီသီရိပျံချီ ဒေါက်တာသက်သက်ခိုင်နှင့် ခင်ပွန်း ဖြစ်သူ သီဟသုဓမ္မမဏိဇောတဓရ ဒေါက်တာအောင်ကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားသို့ ဝန်ကြီးဌာန ဆရာဒကာကျောင်းများဖြစ်သော ပျဉ်းမနားမြို့၊ တံခွန်တိုင်ကျောင်း ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်ဝါယမနှင့် ကိုးခန်းကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူဘဒ္ဒန္တအာစိဏ္ဏတို့အမှူးပြုသော သံဃာတော်များ ကြွရောက်ခဲ့ကြပြီး ဦးစွာ နမောတဿ (၃)ကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကာ ကိုးခန်းကြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တအာစိဏ္ဏထံမှ ငါးပါးသီလခံယူကာ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာခေါ်ဆိုကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု(၃)ကြိမ်

ရွှတ်ဆို၍ ရုပ်သိမ်းခဲ့ကြပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်ဦးအလှူ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ဝန်ကြီးဌာန ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် ခင်ပွန်း၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ နှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ရွှေဝါငါးကြင်းသားပေါက်များကို ဇီဝိတဒါန အဖြစ် လွှတ်ပေးခဲ့ကြပါသည်။



ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးစီးကျင်းပသည့် သက်ကြီးပူဇော်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် ခင်ပွန်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများက ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး ကန်တော့ခံ ဘိုးဘွား များကို ဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် အလှူရှင် များမှ လှူဒါန်းသည့် ဂါရဝပြု လက်ဆောင် ပစ္စည်းများအား ပေးအပ်ခဲ့ကြပါသည်။



ဆက်လက်၍ ကန်တော့ခံ ဘိုးဘွားများ ကိုယ်စား အဘိုးတစ်ဦးက နှစ်သစ်ဆုတောင်း မေတ္တာစကား ပြန်လည်ပြောကြားခဲ့ပြီး ရိပ်သာတာဝန်ခံ ဗိုလ်မှူး သောင်းမြင့်(ငြိမ်း)က ရိပ်သာအတွင်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ဝန်ကြီးက ရိပ်သာများ စနစ်တကျလည်ပတ်နိုင်ရေး၊ နိုင်ငံတော်ကိုယ်စားထောက်ပံ့နိုင်ရေး၊ ရေရှည်တည်တံ့ရန် ရံပုံငွေ ထူထောင်ထားနိုင်ရေး စသည်တို့အတွက် လိုအပ် သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး နေပြည်တော် ကောင်စီ ဥက္ကဋ္ဌက ရိပ်သာအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး

ဘေးလျော့ပါးရေး

ပြည်တွင်းနေရပ်စွန့်ခွာသူများ ဆိုင်ရာကိစ္စရပ်များ

# သောက်သုံးရေသန့်စက်ယာဉ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း




**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့** **နေပြည်တော်**

နှစ်စဉ်မေလမှ စက်တင်ဘာလအထိ ကာလများသည် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ သောက်သုံးရေပြတ်လပ်ခြင်းတို့ ကြုံတွေ့ ခံစားရလျက်ရှိသဖြင့် သောက်သုံးရေ ရှားပါးမှု ကြုံတွေ့ နေရသောတိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သောက်သုံးရေသန့်စက်ယာဉ် အကောင်အထည် ဖော်နိုင်ရန် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သုတေသန ယာဉ်အဖြစ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို (၂၁-၄-၂၀၂၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်စဉ်မေလမှ စက်တင်ဘာလအထိ ကာလများသည် အပူချိန်

လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ သောက်သုံးရေပြတ်လပ်ခြင်းတို့ ကြုံတွေ့ခံစားရလေ့ရှိသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် နှစ်စဉ်သောက်သုံးရေ ဖြန့်ဝေခြင်း၊ ရေတွင်း/ ရေကန်ငယ်များ တူးဖော်ပြုပြင်ခြင်း တို့ဆောင်ရွက်ပေးလျက်ရှိပြီး ယခုနှစ်တွင်လည်းရေရှားပါး နိုင်ခြေရှိသော ဒေသများစာရင်းကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ စသည် တို့နှင့် ချိတ်ဆက် ကောက်ယူ၍ ပြန်လည်တင်ပြရန် ညွှန်ကြားထားရှိပါကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင်သောက်သုံးရေသန့်စက်ယာဉ် အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့ရသည့် ဒေသများတွင် သောက်သုံးရေ သန့်စင်ဖြန့်ဝေ ထောက်ပံ့နိုင်ခြင်းနှင့် အရေးပေါ်အခြေအနေတွင် သန့်စင်ပြီး သောက်သုံးရေများ အသုံးပြုနိုင်ခြင်းအားဖြင့် ပြည်သူများ၏ လတ်တလော သောက်သုံးရေ အခက်အခဲကို ကျန်းမာရေးနှင့် ညီညွတ်စွာ ဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အတွက် အကျိုးကျေးဇူး များစွာ ရရှိနိုင်ပြီး အထောက်အကူများစွာ ရရှိစေမည် ဖြစ်ပါကြောင်း၊ လေ့လာတွေ့ရှိချက်အရ အမှတ်(၉၂၀) စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းတွင် စမ်းသပ်တပ်ဆင် ထားသည့် ရွှေ့လျားရေသန့်စက် (၃) တန်တင်ယာဉ်၏ အရွယ်အစားနှင့် စက်ပစ္စည်းတန်ဖိုးမှာ သင့်တင့်ခြင်း၊ ပစ္စည်းများ လွယ်ကူစွာ တပ်ဆင်/ထိန်းသိမ်း အသုံးပြုနိုင် ခြင်းတို့ကြောင့် "နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး"တို့ တွင် သုတေသနယာဉ်အဖြစ် ထားရှိ အသုံးပြုနိုင်ရေး အမျိုးသားသဘာဝ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်အရအစီအမံ နှင့်ပတ်သက်ပြီး ဆွေးနွေး အကြံဉာဏ်ရယူနိုင်ရေး နည်းပညာပိုင်းဆိုင်ရာ အကြံပေးမှု၊ ယာဉ်ရရှိရေး ဆောင်ရွက်နိုင်မှု၊ ရေသန့်စက် တပ်ဆင် စမ်းသပ် လည်ပတ်မှု၊ ပြုပြင်ထိန်းသိမ်းမှု စသည်များကို အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းအတွေ့အကြုံအပေါ်အခြေခံ ၍ ဆွေးနွေးအကြံပြု ပေးစေလိုကြောင်း ပြောကြားခဲ့ပါ သည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြားရာတွင် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ သုတေသနပြု တည်ဆောက်ထား သည့် ရေသန့်စင်စက်ယာဉ်၊လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ သုတေသနပြု တည်ဆောက်ထား သည့် ရေသန့်စင်စက်ယာဉ်၊ တရုတ်နိုင်ငံမှထုတ်လုပ်သည့် ရေသန့်စင်စက်ယာဉ် စသည်ဖြင့် အမျိုးအစား (၃)မျိုးကို သုတေသနပြုလုပ်ထားပြီးဖြစ်၍ အသုံးတည့်မည့် ယာဉ် အမျိုးအစားကိုရွေးချယ်နိုင်ပါကြောင်း၊စက်မှုအင်ဂျင်နီယာ

ညွှန်ကြားရေးမှူးရုံးမှ သုတေသနပြုလုပ် တည်ဆောက်ထားသည့် ရေသန့်စင်စက်ယာဉ်မှာသဘာဝဘေးအန္တရာယ်ကျရောက်သည့်အချိန်တွင် အသုံးပြုရန် ပိုမိုသင့်လျော်ပါကြောင်း ပြောကြားပါသည်။



ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရွေ့လျားသောက်သုံး ရေသန့်စက်တင်ယာဉ်နှင့် စပ်လျဉ်း၍ နေပြည်တော်၊ အမှတ် (၈၂၀) စစ်မြေပြင် အင်ဂျင်နီယာ တပ်ရင်း၊ ယန္တရားတပ်ခွဲရှိ တရုတ်နိုင်ငံထုတ်ယာဉ်/ ရေသန့်စက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ရွေ့လျားသောက်သုံး ရေသန့်စက် တင်ယာဉ် တို့သို့ သွားရောက်လေ့လာခဲ့မှုနှင့် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပါသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်မှုနှင့် အတွေ့အကြုံများကို ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ပြီး တင်ပြမှုများအပေါ် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိဂုံးချုပ်စကား ပြောကြားခဲ့ပါသည်။

## လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှု ထောက်ပံ့ခြင်း

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့** **နေပြည်တော်**



၂၀၂၃ခုနှစ်၊ဧပြီလ(၂၁)ရက်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကန်သာကျေးရွာအုပ်စု တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် ပြိုကျပျက်စီးအိမ်ခြေ (၂၃၅)လုံး၊ သေဆုံး(၆)ဦး၊ ဒဏ်ရာရ (၁၁၃)ဦးနှင့် ဘေးသင့်သူ စုစုပေါင်း (၈၆၇)ဦး ထိခိုက် ခံစားခဲ့ရပြီးသာသနိကအဆောက်အဦများ၊ စာသင်ကျောင်း များ ထိခိုက် ပျက်စီးခဲ့ရပါသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ (၂၂-၄-၂၀၂၃) ရက်နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီနှင့် နေပြည်တော် သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများသည် ဖြစ်စဉ် ဖြစ်ပွားရာ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာ များသို့ သွားရောက်ခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု

ဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးအား စုစုပေါင်း အိမ်ထောင်စု (၂၃၅)စုအတွက် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။



အလားတူ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဦးဆောင်သော နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ တာဝန်ရှိသူများသည် အဆိုပါ ဘေးသင့်ပြည်သူများ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒက္ခိဏသီရိမြို့နယ်၊ ကုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဒဏ်ရာရလူနာ (၃၄)ဦးတို့အတွက် အားဖြည့်အစားအစာများ၊ ထောက်ပံ့ကြေးငွေများ ပေးအပ်ထောက်ပံ့ခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ကျေးရွာအတွက် လမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေး၊ သာသနိကအဆောက်အဦများ ပြန်လည်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်မီးနှင့် နေအိမ်များပြန်လည်တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ကူညီပံ့ပိုး ဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးတင်ဦးလွင်တို့ဦးဆောင်သော တာဝန်ရှိသူများသည် အဆိုပါ ဘေးသင့်ပြည်သူများ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် လယ်ဝေးမြို့နယ်၊ ကုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီးအောင်မြင်ကုန်းကျေးရွာနှင့်တံတားဦးကျေးရွာတို့မှ ဒဏ်ရာရ လူနာ(၂၈)ဦးတို့အတွက် အားဖြည့်အစားအစာများ၊ ထောက်ပံ့ကြေးငွေများ၊ ပေးအပ်ထောက်ပံ့ခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ကျေးရွာအတွက် လမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေး၊ သာသနိကအဆောက်အဦများ ပြန်လည်တည်ဆောက်ပေးခြင်း၊ လျှပ်စစ်မီးနှင့် နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ကူညီပံ့ပိုး ဆောင်ရွက်ပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။



ဆက်လက်၍ လယ်ဝေးမြို့နယ် မိုးလုံလေလုံအားကစားရုံအတွင်း အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဘေးသင့်ပြည်သူများအား ယာယီနေရာချထားနိုင်ရေးအတွက် တည်းခို နေထိုင် စားသောက်

ရေး အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် သွားရောက်ကြည့်ရှုခဲ့ပြီး ဆောင်ရွက်ရမည့် အချက်များအား ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

## တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း




**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် (၂၃-၄-၂၀၂၃)ရက်နေ့၌ နေပြည်တော်ကုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လယ်ဝေးမြို့နယ်၊ တံတားဦးကျေးရွာနှင့်အောင်မြင်ကုန်းကျေးရွာများမှ လေဘေးသင့်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများအနက် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်များ၊ အသက်(၇၀)နှစ်နှင့်အထက်ဘိုးဘွားများနှင့် အသက်(၅)နှစ်နှင့်အောက် ကလေးသူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့သည့် တစ်ဦးလျှင် (၃၀၀၀၀ိ/-) ကျပ်နှုန်းဖြင့် စုစုပေါင်း(၁၄)ဦးအတွက် ထောက်ပံ့ကြေးငွေအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော် ကုတင်(၁၀၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီးမှ တာဝန်ရှိသူများက လက်ခံခဲ့ကြပါသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်

ရှိသူများသည် လယ်ဝေးမြို့နယ်၊ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများသို့ ရောက်ရှိပြီး လေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးကာ လတ်တလော စားသောက်နေထိုင်မှု အဆင်ပြေစေရေးအတွက် ဝန်ကြီးဌာနများ၊ စေတနာရှင်များမှ အခြေခံစားသောက်ကုန်များနှင့် သောက်သုံးရေများ ထောက်ပံ့လှူဒါန်းထားရှိမှုများကို စနစ်တကျ ညီတူညီမျှခွဲဝေပေးမည့် အခြေအနေများ၊ ကျန်းမာရေးအတွက် အရေးပေါ်ဆေးပေးခန်းနှင့် ယာယီရေလောင်းအိမ်သာများ ချက်ချင်းဆောက်လုပ်နိုင်ရေး ပံ့ပိုးကူညီပေးမည့် အခြေအနေများ၊ ကျေးရွာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် အကွက်ချပုံစံဖြင့် မြေနေရာပြန်လည်ချထားခြင်း၊ မီးရရှိရေး၊ ရေရရှိရေး၊ နေအိမ် ပြန်လည်ဆောက်လုပ်နိုင်ရေးတို့အား ပိုမိုပြည့်စုံကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးမည့် အခြေအနေများ၊ ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထပ်မံထိုးနှံပေးမည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။



တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ပစ္စည်း(၁၇) မျိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံးများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး နေပြည်တော်ကောင်စီနှင့် အလှူရှင်များမှ ထောက်ပံ့သော အခြေခံစားသောက်ကုန်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တံတားဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်သံဃာတော်များအား သွားရောက်ဖူးမျှော်ကြည်ညို၍ နိုင်ငံတော်မှ လေဘေးသင့်ပြည်သူများ လတ်တလော သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးအပ်နေမှု အခြေအနေများ၊ ကျေးရွာ ပြန်လည်တည်ထောင်ရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်သွားရမည့် အခြေအနေများအား လျှောက်ထားကာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူတို့က ဆရာတော်များထံ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်၊ စမ်းကလေး သုသာန်သို့ ရောက်ရှိပြီး လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သုသာန် အတွင်းရှိ အဆောက်အဦများ၊ ဝန်ထမ်းအိမ်ယာ၊ လျှပ်စစ်ဓါတ်အားတိုင်နှင့်မီးကြိုးများ ပြုတ်ကျပျက်စီးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ အပျက်အစီးများ ရှင်းလင်းရေး၊ အဆောက်အဦများ ပြန်လည်တည်ဆောက်နိုင်ရေး၊ ဓါတ်တိုင်များ ပြန်လည်ထူထောင်၍ မီးကြိုးများ သွယ်တန်းနိုင်ရေးအတွက် လိုအပ်ချက်များ

အား ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါလေဘေးသင့်ခံရသည့် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများမှ ထိခိုက်လွယ် အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်များ၊ အသက်(၇၀)နှစ်နှင့်အထက် ဘိုးဘွားများ၊ အသက်(၅)နှစ်နှင့်အောက် ကလေးသူငယ်များနှင့် မသန်စွမ်းသူများအား စာရင်း ကောက်ယူ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တစ်ဦးလျှင် (၃၀၀၀၀ိ/-) ကျပ်နှုန်းဖြင့် ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

## ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာနှစ်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စလင်းမြို့နယ်ရှိ လေဘေးသင့် ပြည်သူများအား ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ခြင်း




**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့** **မကွေးတိုင်း**

၂၀၂၃-၂၀၂၄ ခုဘဏ္ဍာနှစ်အတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် စလင်းမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် မကွေးမြို့တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အုပ်ချုပ်ရေးမှူး

များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွား (၁၈,၁၈၀)ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးမှု အခြေအနေများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေး ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုက်ပွဲရှောင်များ၊ အကြမ်းဖက်ခံရမှုကြောင့် ထိခိုက်ခံခဲ့ရသူများအတွက် ထောက်ပံ့ပေးနေမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။



ထို့နောက် ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသက်(၈၅)နှစ် နှင့်အထက် ဘိုးဘွား (၁၈,၁၈၀)ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် (၅၄၅.၄၀)သန်းကို လည်းကောင်း၊ စလင်းမြို့နယ် လေဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ (၄၀,၈၀၀,၀၀၀ိ/)နှင့် ဆန်အိတ် (၄၆၅)အိတ် တို့ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး တိုင်းဒေသကြီး အတွင်း သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အကြမ်းဖက်ခံရမှုကြောင့် ထိခိုက်ခံရသူများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်၍ ဒေသတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများသည် မကွေးမြို့၊ ဖန်ခါးမြေဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား ဦးခိုက်ကန်တော့ကြပြီး ဘိုးဘွားများအတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ရာ ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီ တာဝန်ရှိသူများက လက်ခံခဲ့ပြီး ဘိုးဘွားများက ဆုတောင်းမေတ္တာများပို့သ၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက သာဓုခေါ်ဆိုခဲ့ကြပါသည်။ ထို့နောက် ရိပ်သာအတွင်း ဘိုးဘွားများ၏ စားသောက်နေထိုင်မှုအတွက်ဆောင်ရွက်နေမှုများကို ရိပ်သာတာဝန်ခံက လိုက်လံရှင်းလင်း ပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘိုးဘွားများနှင့် လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားခဲ့ပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဝန်ထမ်းဦးစီးဌာန မကွေးကလေးပြုစုရေးဌာနသို့ ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ်က ကလေးငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်ခြင်း၊ အာဟာရပြည့်ဝစွာ ကျွေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ ပညာရေးအတွက် ဆောင်ရွက်ပေးခြင်း ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကလေးများ ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ဝန်ထမ်းအင်အား ဖြည့်တင်းပေးနိုင်ရေး၊ လေဝင်လေထွက်နှင့် အလင်းရောင်ကောင်းမွန်စွာရရှိနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိတွေ့ခံစားနိုင်ရေး ဆောင်ရွက် သွားရမည့်အချက်များအား လမ်းညွှန်မှာကြားခဲ့ပြီး ကလေးပြုစုရေးဌာနအတွင်း ပြုစုစောင့်ရှောက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုကာ ကလေးငယ်များအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မကွေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူနှင့်ဆက်ဆံရသောဌာနဖြစ်၍ လူမှုဝန်ထမ်းသမားကောင်းများပီသစွာဖြင့် ဆက်ဆံရေး ပြေပြစ်ရန် လိုအပ်ပါကြောင်း၊ ကွန်ပျူတာ၊ အင်္ဂလိပ်စာများ ကျွမ်းကျင်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများကို မိသားစုစိတ်ဓါတ်ဖြင့် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းရမည်ဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထား၍ ပွင့်လင်းစွာ အကြံပြု ဆွေးနွေးတင်ပြနိုင်ပါကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသည့် ဝန်ထမ်းများက တင်ပြ လိုသည်များကို ဆွေးနွေး တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဖွင့်လှစ်ထားသော အပူရှောင်စခန်းတွင် ရောက်ရှိနေသည့် ပြည်သူများအား သွားရောက်တွေ့ဆုံနှုတ်ဆက်

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့** **မကွေးတိုင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများသည်(၂၅-၄-၂၀၂၃)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးဦးစီးမှူးရုံး သိုလှောင်ရုံအတွင်း ဗဟိုသိုလှောင်ရုံ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံမှ လှူဒါန်းထားသော လက်ကျန်ဆန်များအနက်မှ စလင်းမြို့နယ်၊ မြို့သစ်မြို့နယ်၊ နတ်မောက်မြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရန် ဆန်အိတ်များ ပို့ဆောင်ရောက်ရှိလာမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကာ ပြည်ထောင်စုဝန်ကြီးက ဘေးသင့်ပြည်သူများထံ

လက်ဝယ် အရောက် အမြန်ဆုံး ပို့ဆောင်ထောက်ပံ့သွားရန်၊ သိုလှောင်ရုံထိန်းသိမ်းရေး လက်စွဲအတိုင်း လိုက်နာ ကျင့်သုံးဆောင်ရွက်ရန်နှင့် Inventory Management Software စနစ်တကျ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မကြီးကန်ကျေးရွာ အေးစေတီကျောင်းတိုက်အတွင်း ဖွင့်လှစ်ထားရှိသော အပူရှောင်စခန်းသို့ ရောက်ရှိပြီး စခန်းအတွင်း လာရောက် နားခိုလျက်ရှိသည့် ကျေးရွာအတွင်းမှ ဘိုးဘွားများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ နှုတ်ဆက် အားပေး စကားပြောကြားခဲ့ပြီး အပူရှောင်နေရာတွင် လာရောက်နားခိုသူများအတွက် နံနက်စာနှင့် အချိုရည်များ ညှော်ခံနိုင်ရေးအတွက် ထောက်ပံ့ကြေးငွေများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး အေးစေတီကျောင်းတိုက်ရှိ ဆရာတော် ဦးကုမာရအား ဖူးမျှော်ကြည်ညိုကာ အပူရှောင်စခန်းများ ဖွင့်လှစ်ပေးနေမှု အခြေအနေအား ရှင်းလင်းလျှောက်ထားကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မကြီးချောင်းရပ်ကွက် ဣန္ဒာလာဘမုနိဘုရားဝန်းအတွင်း ဖွင့်လှစ်ထားရှိသော အပူရှောင်စခန်းသို့ ရောက်ရှိပြီး စခန်းအတွင်း လာရောက် နားခိုလျက်ရှိသည့် ကျေးရွာအတွင်းမှ ဘိုးဘွားများနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ နှုတ်ဆက် အားပေး စကားပြောကြားခဲ့ပြီး အပူရှောင်နေရာတွင် လာရောက် နားခိုသူများအတွက် နံနက်စာနှင့် အချိုရည်များ ညှော်ခံနိုင်ရေးအတွက် ထောက်ပံ့ကြေးငွေများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## လေဘေးဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများအား ပြန်လည်သုံးသပ်ခြင်းနှင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရာသီဥတုအခြေအနေများအား သုံးသပ်ပြင်ဆင်ခြင်းအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ — နေပြည်တော်**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် (၂၁-၄-၂၀၂၃) ရက်နေ့၌ လေဘေးဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအား ပြန်လည်သုံးသပ်ခြင်းနှင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် ရာသီဥတုအခြေအနေများအား သုံးသပ်ပြင်ဆင်ခြင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အရေးပေါ် အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန၊ အစည်းအဝေးခန်းမ၌ (၂၇-၄-၂၀၂၃)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး

ဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (၂၁-၄-၂၀၂၃)ရက်နေ့နှင့် (၂၂-၄-၂၀၂၃) ရက် နေ့တို့၌ လေဆင်နှာမောင်း တိုက်ခတ်ခြင်းနှင့် လေပြင်း တိုက်ခတ်ခြင်းတို့ကြောင့် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အနေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များကလည်းကောင်း သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စုစည်းညီညာ ဆောင်ရွက်နေကြောင်း၊ အရေးပေါ် ဘေးဖြစ်ပွားမှုများတွင် ထိရောက်ကောင်းမွန်သော တုံ့ပြန်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တာဝန်ရှိသူအားလုံး၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု ကောင်းရန် လိုအပ်ကြောင်း၊ လတ်တလော နေပြည်တော်တွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအတွက် တုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနသည် လတ်တလော သက်သာ ချောင်ချိစေရေးနှင့် လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးတို့အား ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲ၊ ရင်ဆိုင်ဖြေရှင်းမှုတို့အပေါ် သင်ခန်းစာများ ဖော်ထုတ်ပြီး အခြားတိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးကြုံတွေ့ချိန်တွင် ကိုးကားဆောင်ရွက်နိုင်ရေးလိုအပ်သည့် လုပ်ငန်းစဉ်၊ ပုံစံများပြုစုပြီး ဖြန့်ဝေသွားရန်ဖြစ်ကြောင်း၊ အရေးပေါ်ကာလတွင် ဘေးသင့်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လျှပ်တပြက်ဆန်းစစ်နိုင်မည့် ပုံစံများ ပြုစုဖြန့်ဝေထားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။



ထို့အပြင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂) အား ထုတ်ပြန်ပြီးဖြစ်ရာ တည်မြဲအမိန့်ပါ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ခရိုင်/မြို့နယ်အဆင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များအတိုင်း တုံ့ပြန်ဆောင်ရွက်နိုင်ရန် သဘာဝဘေး စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသည့် မိမိတို့ဌာနအနေဖြင့် လိုအပ်သလို ပံ့ပိုးပူးပေါင်းညှိနှိုင်း ပေးကြရမည်ဖြစ်ကြောင်း၊ ဘေးသင့်ပြည်သူများအတွက် လတ်တလောနှင့် ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများအား လုပ်ငန်းကော်မတီ

များ၊ တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များက တည်မြဲအမိန့်ပါ လုပ်ငန်းစဉ်များအတိုင်း ပြင်ဆင်ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သွားရန် လိုကြောင်း၊ သဘာဝဘေးအရေးပေါ် တုံ့ပြန်မှုတွင် လျှင်မြန် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများအား အသိအမှတ်ပြု ဂုဏ်ယူသကဲ့သို့ နောင်တွင်လည်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်တွင် လေဘေး ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနနှင့် နေပြည်တော် တိုင်းဦးစီးမှူးရုံးက ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂)ပါ လုပ်ငန်းလမ်းညွှန်များအား သဘာဝဘေး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ လက်တွေ့ ကိုးကား ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေ၊ ၂၀၂၃ ခုနှစ် မိုးကြိုကာလ (မေလ) တွင် ဖြစ်ပေါ်လာနိုင် ခြေရှိသည့် ရာသီဥတု အခြေအနေနှင့် ကြိုတင်ပြင်ဆင်မည့်အစီအစဉ်များအား ရှင်းလင်း တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား လမ်းညွှန်မှာ ကြားခဲ့ပါသည်။

## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan နှင့် တွေ့ဆုံခြင်း




**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်သက်ခိုင်အား ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံ ဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan ဦးဆောင်သော အဖွဲ့သည် ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံခဲ့

ပါသည်။

တွေ့ဆုံစဉ် Mr. Ramanathan က ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် လုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လိုသော အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းများအား အကူအညီ အထောက်အပံ့ပေးရေး ကိစ္စရပ်များကို ရှင်းလင်း တင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကဝန်ကြီးဌာနမှ တပ်မတော် နည်းပညာဌာန၏ အကူအညီဖြင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု အချက်အလက်စနစ် (Social Management Information System - SMIS) Software ရေးဆွဲခဲ့မှုအခြေအနေ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ပူးပေါင်း၍ လူမှုရေးရာဖြစ်ရပ်များ၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှု ဖြစ်ရပ်များ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရရှိစေမှု ဖြစ်ရပ်များအား Helpline No “1566” သို့ တိုင်ကြားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက်ပေးရန် လိုအပ်သဖြင့် ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာကို ဦးစွာလက်မှတ်ရေးထိုးရန် လိုအပ်မှု၊ နားလည်မှုစာချွန်လွှာရှိပြီးမှသာ ဝန်ကြီးဌာနက ပြည်ဝင်ဗီဇာများ၊ ခရီးသွားလာခွင့်များ၊ ငွေထုတ်ခွင့်များအား ထောက်ခံချက် ပေးရန်ကိစ္စများ၊ ရခိုင်ပြည်နယ်တွင် ပြန်လည်လက်ခံရေးလုပ်ငန်းများ ပထမအသုတ် လက်ခံနိုင်ရန် မြန်မာနိုင်ငံအစိုးရဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိမှုတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ဒုတိယဝန်ကြီး၊အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာရေးသားရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးခြင်း

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့** **နေပြည်တော်**




အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို (၂၇.၄.၂၀၂၃) ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW) ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ ရေးသားရေးအဖွဲ့မှ ကိုယ်စားလှယ် (၃၀) ဦးနှင့် တာဝန်ရှိများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ကုလသမဂ္ဂကွန်ဗင်းရှင်း (၃)ခုကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုများနှင့် အစီရင်ခံစာများကို ပုံမှန်တင်သွင်းနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ တင်သွင်းနိုင်ရေးအတွက် ရေးသားရေးအဖွဲ့ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာဌာနများမှ လိုအပ်သည့် အချက်အလက်များ (၂)ကြိမ် တောင်းခံခဲ့ပါကြောင်း၊ အဆိုပါ အချက်အလက်များအပေါ် ပြုစုထားသည့်(မူကြမ်း) နှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုနိုင်ရန် ယခုအစည်းအဝေးခေါ်ယူ ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ အစီရင်ခံစာရေးသားရေးအဖွဲ့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ နောက်ဆုံး (final report) အထိရောက်အောင် အဆင့်ဆင့်ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက (CEDAW) ဆဋ္ဌမ အကြိမ်မြောက် အစီရင်ခံစာရေးသားရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာ 1st draft (မူကြမ်း) အပေါ် အကြံပြုဆွေးနွေးခဲ့ကြကာ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) က နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးအား ညနေ(၁၆:၄၅)နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

## ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi နှင့် တွေ့ဆုံခြင်း



**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်

Mr. Marcoluigi Corsi ဦးဆောင်သောအဖွဲ့သည်(၂၈-၄-၂၀၂၃) ရက်နေ့တွင် ဝန်ကြီးဌာန၊ မေခလာခန်းမ၌ လာရောက်တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် UNICEF ၏ လက်ရှိလုပ်ငန်း အစီအစဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင် ဗီဇာ၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်းနှင့် ပြည်တွင်းခရီးသွားလာရေး ထောက်ခံမှုပြုနိုင်မည့် ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် UNICEF တို့ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအစီအစဉ်များကို ပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး ၊ မြန်မာနှစ်ဆန်း (၁)ရက်နေ့ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနား

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့** **စစ်ကိုင်းတိုင်း**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များ၊ အဆိုတော်များ လိုက်ပါ၍ ဧပြီ (၁၇) ရက်နေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမတွင် ကျင်းပပြုလုပ်သည့် မြန်မာ နှစ်ဆန်း (၁) ရက်နေ့ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်သစ်အခါသမယ မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သော သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က သက်ကြီးဘိုးဘွားများအား ဂါရဝတရားဖြင့် ရှိခိုးကန်တော့၍ အသက်အကြီးဆုံးအဘိုး ဦးသောင်းရွှေ (၈၈) နှစ်နှင့် အသက်အကြီးဆုံး အဘွား ဒေါ်အုံး (၁၀၅) နှစ်တို့အား အာမိသပူဇာပစ္စည်းများအား ပေးအပ် လှူဒါန်းခဲ့ပါသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များအနုပညာရှင်များ၊ အဆိုတော်များနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးအဘိုး၊ အဘွား (၇၀)ဦးတို့အား အာမိသပူဇာပစ္စည်းများအား ပေးအပ်လှူဒါန်းခဲ့ကြပြီး အဘိုး၊ အဘွားများ ကိုယ်စား အဘိုးဦးအေးက ဆုတောင်းမေတ္တာ ပို့သခြင်းနှင့် ဝမ်းမြောက်စကားပြန်လည် ပြောကြားကာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

## လူမှုဝန်ထမ်းဦးစီးဌာန၊ ဌာနငယ်/သင်တန်းကျောင်းနှင့်မူလတန်းကြိုကျောင်းများမှ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း လှုပ်ရှားမှုဆောင်ရွက်မှုများ

**၂၀၂၃ ခုနှစ်၊ ဧပြီလ** **ရန်ကုန်တိုင်း**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန် ပွဲတော်ကာလတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး လက်အောက်ရှိ ဌာနငယ်/သင်တန်းကျောင်းနှင့် မူလတန်းကြို ကျောင်းများမှ ကျောင်းသား/ ကျောင်းသူ၊ ကလေးသူငယ် များက မြန်မာ့ရိုးရာသင်္ကြန် ရေကစားခြင်း၊ ရိုးရာမုန့်များ ပြုလုပ်လှူဒါန်းခြင်း၊ စတုဒီသာကျွေးမွေးခြင်း၊ နှစ်ဆန်း တစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး ကျင်းပသော ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် ရှိ Royal Apex ရေသဘင်ပွဲ၏ ဌာနဆိုင်ရာရေပက်မဏ္ဍပ် (၁၀) ခုအနက် နွေဦးကဗျာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း၊ ရန်ကုန်အမျိုးသမီးကလေးများသင်တန်း ကျောင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနတို့မှ ကလေး (၄၀) ဦး၊ ဝန်ထမ်းမိသားစု(၁၀)ဦး စုစုပေါင်း (၅၀) ဦးသည် အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ နေ့စဉ် ရေပက်ကစားခြင်းကိုဆောင်ရွက်ခဲ့ကြပါသည်။ ထို့အပြင် ရန်ကုန်မြို့တော်ဝန် သင်္ကြန်ရေကစားမဏ္ဍပ်၌ ကျင်းပ သည့် (၁၂) ဦး ယိမ်းပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း (၄)ကျောင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်ပါဆု များ အသီးသီးရရှိခဲ့ကြပါသည်-

(က) မူလတန်းကြိုကျောင်းအမှတ် (၄)(ပထမဆု)

(ခ)မင်္ဂလာဒုံမူလတန်းကြိုကျောင်း(ကျား)(ဒုတိယဆု)

(ဂ)မင်္ဂလာဒုံမူလတန်းကြိုကျောင်း(မ)(တတိယဆု)

(ဃ)အမှတ် (၅) မူလတန်းကြိုကျောင်း(တတိယဆု)

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်းဗီနိုင်းပိုစတာတပ်ဆင်ခြင်း



(၂၈-၃-၂၀၂၃)ရက်နေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ သည် ကိုဗစ်-၁၉ ဗီနိုင်းပိုစတာ(အစား) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဗီနိုင်းပိုစတာ လဲလှယ် တပ်ဆင်ခဲ့ပါ သည်။

(၂၉-၃-၂၀၂၃) ရက်နေ့နှင့် (၃၀-၃-၂၀၂၃) ရက်နေ့တို့တွင် မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ တာဝန် ရှိသူများသည် သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ မုဒုံမြို့နယ်၊ မြို့မ(၁)ရပ်ကွက်နှင့် မြို့မ(၃) ရပ်ကွက်တို့တွင် ‌လျောင်ဘေး အန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်းသဘာဝဘေးအသိပညာပေးများပြုလုပ်ခြင်း



(၃၁-၃-၂၀၂၃) ရက်နေ့တွင် မုဒုံမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ မုဒုံမြို့နယ်၊ မြို့မ (၃) ရပ်ကွက်တွင် ‌လျောင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်းဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှု

(၃၁-၃-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်း ဦးစီးမှူးရုံး မှတာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်၊ စမတောင်ပရဟိတကျောင်းတွင် ဌာနဆိုင်ရာအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ပရဟိတအဖွဲ့များ၊ စမတောင်ပရဟိတကျောင်းမှ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း (၂၀၀)ဦးတို့ဖြင့်ပူးပေါင်း၍ ‌လျောင်ဘေးအန္တရာယ်သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်ခဲ့ပါသည်။



MCCT

လူငယ်ဖောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး

မူးယစ်ပြန်လည်ထူထောင်ရေး လုပ်ငန်း

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ စက်ရေတွင်း၊ အုတ်ရေကန်နှင့် ရေတင်စက်ရုံတည်ဆောက်နိုင်ရေး ဆောင်ရွက်မှု



(၂၈-၃-၂၀၂၃) ရက်နေ့တွင် လားရှိုးခရိုင်ဦးစီးမှူး ရုံးမှ တာဝန်ရှိသူများသည် လားရှိုး မြို့နယ်၊ ရပ်ကွက် (၁၂)၊ နယ်မြေ(၂၀)၊ ကချင်ကုန်းဒေသတွင် ဖြစ်ပေါ်နေသော သောက်သုံးရေအခက်အခဲအတွက် သက်ဆိုင်ရာရာအိမ်မှူး၊ ဆယ်အိမ်မှူးနှင့် ရပ်မိရပ်ဖ များထံသို့ (၄") စက်ရေတွင်း ပေ(၄၀၀)၊ ဂါလန် (၁၅၀၀) ဆံ့အုတ်ရေကန်နှင့် ရေတင် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ငွေကျပ်(၉,၅၀၀,၀၀၀) (ကိုးဆယ့်ငါးသိန်းကျပ်တိတိ) အား ထောက်ပံ့ဆောင်ရွက် ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်းလေဘေးထောက်ပံ့မှုများ

(၂၇-၃-၂၀၂၃)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့ရှိကျေးရွာ အုပ်စု(၇)အုပ်စု၊ ကျေးရွာ(၁၆)ရွာတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေဘေး ဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေ အိမ်(၁၅)လုံး၊ အမိုးလန် ဘုန်းကြီးကျောင်း(၁)ကျောင်းနှင့် အမိုးလန်လူနေအိမ် (၁၂၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် (၆,၈၈၅,၀၀၀ိ/-)၊ ဘေးသင့် လူဦးရေ (၅၀၀၂) ဦးတို့ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ်(၁၀,၅၄၂,၀၀ိ/-) တို့ကို လေဘေးသင့်ပြည်သူများထံသို့ (၂၉-၃-၂၀၂၃) ရက် နေ့ တွင် မင်းလှမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ ခဲ့ပါသည်။



(၂-၄-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊သာယာအေး ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၌ လေဘေးဖြစ်ပွားမှု ကြောင့် အမိုးလန် ပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၃)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၆,၃၀၀ိ/-) တို့ကို (၅-၄-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၆-၄-၂၀၂၃)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ ချောင်းဝ (ဂျီ) ကျေးရွာ အုပ်စု၊ ချောင်းဝ (ဂျီ)ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေဘေးဖြစ် ပွားခြင်းကြောင့် လုံးဝပျက်စီး လူနေအိမ် (၁)

လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၇)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁၄,၇၀၀/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၇-၄-၂၀၂၃) ရက်နေ့တွင် မင်းလှ မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၈-၄-၂၀၂၃)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ ရွှေပင်လယ်လမ်း၌ လေဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဘုန်းကြီးကျောင်း(၁) ကျောင်းနှင့် လူနေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၇)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁၄,၇၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို လေဘေးသင့်ပြည်သူများထံသို့ (၁၄-၃-၂၀၂၃) ရက်နေ့တွင် ဘားအံမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၀-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဖရဲကျွန်းကျေးရွာအုပ်စု၌ လေဘေးဖြစ်ပွားခြင်းကြောင့် လုံးဝပျက်စီးလူနေအိမ် (၁၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၆၅,၀၀၀/-)၊ဘေးသင့်လူဦးရေ(၄၂)ဦးအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈၈,၂၀၀/-)တို့ကို (၂၃-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၁-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ကျေးရွာအုပ်စု(၂)၊ ကျေးရွာ(၂)၌ လေဘေး ဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၆) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၆၇,၇၀၀/-)၊ ဘေးသင့်လူဦးရေ (၂၆)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၅၄,၆၀၀/-)တို့ကို (၂၁-၄-၂၀၂၃) ရက်နေ့တွင် တံတားဦးခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၄- ၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တက်မကျေးရွာအုပ်စု၊ သပွတ်စုကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)တို့ကို (၂၁-၄-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ခရိုင်ဦးစီးမှူးရုံးမှ သွား ရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်နှင့် မတ္တရာမြို့နယ်၊ ကျေးရွာအုပ်စု(၅)စု၊ ကျေးရွာ (၅) ရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၇၂) လုံး၊ ပြိုကျပျက်စီးလူနေအိမ် (၆)လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄,၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃၆၂)ဦး တို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၇၆၀,၂ ၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုးတို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေ သာစံမြို့နယ်၊ ပုသိမ်ကြီး

မြို့နယ်၊ ကျေးရွာအုပ်စု(၉) စု၊ ကျေးရွာ(၁၃)ရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၄၁၉) လုံး၊ ပြိုကျပျက်စီးလူနေ အိမ် (၁၄၀) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၃,၅၄၉,၅၀၀/-)၊ ဘေးသင့်လူဦးရေ(၂၅၃၉) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၅,၃၃၁,၉၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈)မျိုးတို့ကို (၂၄-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကျေးရွာအုပ်စု(၂)စု၌ လေဘေး ဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၁၇၀) လုံး၊ ပြိုကျပျက်စီး လူနေအိမ် (၁၁) လုံးတို့အတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၆,၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၂၅)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁,၇၃၂,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုးတို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ကွဲယ်ကန်ကျေးရွာအုပ်စု (၂)စု၊ ညောင်ပင်သာကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၁) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၈,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၆,၃၀၀/-) တို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၂-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်း မြို့နယ်၊ ကျေးရွာအုပ်စု (၂)စု၊ကျေးရွာ(၃)ရွာနှင့် အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာအုပ်စု၊ ဆင်ကျွန်းကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီး လူနေအိမ် (၁၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၉၃,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၅၁,၂၀၀/-) တို့ကို (၂၂-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး မှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၂-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃)စုနှင့် မိတ္ထီလာမြို့နယ်၊ ကျေးရွာအုပ်စု (၂)စုတို့၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၄၆) လုံး၊ ဘာသာ ရေးကျောင်း (၂) ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၃၆၂,၇၀၀/-)၊ ဘေးသင့်လူဦးရေ (၁၆၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ်(၂၄၂,၃၀၀/-) တို့ကို (၂၅-၄-၂၀၂၃)ရက်နေ့တွင် မိတ္ထီလာခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။

(၂၃-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွန်းဆင်ကျေးရွာအုပ်စု၊ ကျွန်းဆင်ကျေးရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် လုံးဝပျက်စီးလူနေအိမ် (၆)လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ် (၁၄) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁,၂၈၂,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၂၄၂,၃၀၀/-) တို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၃-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ကျေးရွာအုပ်စု (၄) စု၊ ကျေးရွာ(၅)ရွာ၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁၁) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၄၆၃,၅၀ဝ/-)၊ ဘေးသင့်လူဦးရေ (၅၂) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀၉,၂၀ဝ/-) တို့ကို (၂၅-၄-၂၀၂၃) ရက်နေ့တွင် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၃-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျေးရွာအုပ်စု(၂)စု၊ ကျေးရွာ(၂)ရွာနှင့် ပျော်ဘွယ်မြို့နယ်၊ ကျေးရွာအုပ်(၁၁)စု၊ ရပ်ကွက် (၆) ရပ်ကွက်၌ လေဘေးဖြစ်ပွားခြင်းကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေ အိမ် (၅) လုံး၊ ဘာသာရေးကျောင်း (၈) ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅,၁၅၈,၉၅၅/-)၊ ဘေးသင့်လူဦးရေ (၅၀၃) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၀၉,၂၀ဝ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် ရမည်းသင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၃-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ကျေးရွာအုပ်စု(၇)စု၊ ကျေးရွာ(၁၁)ရွာနှင့်၊ ကျေးရွာအုပ်စု (၂)စု၌ လေဘေး ဖြစ်ပွားခြင်းကြောင့် လုံးဝပျက်စီး လူနေအိမ်(၅) လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးလူနေ အိမ် (၅၀) လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂,၉၇၄,၉၉၈/-)၊ ဘေးသင့်လူဦးရေ (၂၂၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄၇၀,၄၀ဝ/-) နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် ရမည်းသင်း ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်း မီးဘေးထောက်ပံ့မှုများ



(၂၄-၃-၂၀၂၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကြီးကုန်း ကျေးရွာအုပ်စု၊ ကျောက်တွင်း ရေတွင်း မြို့ပြကွက်သစ်၌ ကျူးကျော်နေအိမ်မှ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘေးသင့်လူဦး (၄၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈၄,၀၀ဝ/-) တို့ကို ရန်ကုန်တောင်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၂၉-၃-၂၀၂၃) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၇-၃-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ အောင်သာကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာ၌ မီးဘေး

ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၁၀,၅၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုး တို့ကို (၂၉-၂-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူး ရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၈-၃-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ သာယာကုန်းကျေးရွာ အုပ်စု၊ သာယာကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၄)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို(၂၄-၄-၂၀၂၃) ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၃၁-၃-၂၀၂၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ဒေါင့်ကြီးဘက် ကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့ မှုကြောင့် ပျက်စီးနေအိမ် (၆)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေ (၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၈) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၅၈,၈၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၈)မျိုးတို့ကို ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ (၂-၄-၂၀၂၃) ရက်နေ့တွင် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃၁-၃-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၊ သော်မှော်ကုန်းကျေးရွာအုပ်စု၊ သော်မှော်ကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ် (၂) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၇) ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ငွေကျပ် (၁၄,၇၀၀/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၈) မျိုးတို့ကို (၃-၄-၂၀၂၃) ရက် နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၃-၄-၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ်၊ လွှဘုံကျေးရွာ အုပ်စု၊ လွှဘုံကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီး ခဲ့သည့်လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦး

တို့အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၈,၄၀၀ိ/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၅-၄-၂၀၂၃) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၃-၄-၂၀၂၃) ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျုံတာမုဆိုးမ ကျေးရွာအုပ်စု၊ ကျုံတာမုဆိုးမကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့်ပျက်စီးနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀ိ/-)၊ ဘေးသင့် လူဦးရေ (၁၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၇,၃၀၀ိ/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၄-၄-၂၀၂၃) ရက် နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃-၄-၂၀၂၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ရွှေဆောင်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး သီလရှင်ကျောင်း (၃) ကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၆၃၀,၀၀၀ိ/-) တို့ကို (၆-၄-၂၀၂၃) ရက်နေ့တွင် ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၇-၄-၂၀၂၃) ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြရတနာရပ်ကွက်၊ ကမ်းနားဆိပ်ရှိ ကမ္ဘာကျော်ဆီဆိုင်၌ ဆီထည့်နေသည့် ခရီးသည်တင်ရေယာဉ်တွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဒဏ်ရာရရှိသူ(၃) ဦးတို့အတွက် ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀ိ/-) တို့ကို (၈-၄-၂၀၂၃) ရက်နေ့တွင် မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၄-၂၀၂၃)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဘေးသင့်လူဦးရေ (၆၀) ဦးတို့အတွက် ဆန်ရိက္ခာဖိုး(၁၂၆,၀၀၀ိ/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၈) မျိုး ပါ ထောက်ပံ့ရေးပစ္စည်း (၁၂) ပုံးတို့ကို (၁၂-၄-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၄-၂၀၂၃)ရက်နေ့တွင်ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့၊ လပွတ္တာမြို့ (၂) ရပ်ကွက် မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ်တိုက်ခန်း(၂)လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၂၀၀,၀၀၀ိ/-)၊ ဘေးသင့် လူဦးရေ (၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုး (၈,၅၀၀ိ/-)နှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၇) မျိုးတို့ကို (၁၂-၄-၂၀၂၃) ရက်နေ့တွင် နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၂-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ထန်းပေါက်ကုန်း ကျေးရွာအုပ်စု၊ ထန်းပေါက်ကုန်းကျေးရွာနှင့် ပုဂံမြို့၊ သီရိပစ္စယာရပ်ကွက်၌ မီးဘေးဖြစ်ပွားမှုကြောင့် ဘေးသင့်ခဲ့သည့် လုံးဝပျက်စီး လူနေအိမ် (၃) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၅၀,၀၀၀ိ/-)၊ ဘေးသင့် လူဦးရေ (၁၂) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေကျပ်(၂၅,၂၀၀ိ/-)နှင့်ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုး တို့ကို (၁၀-၃-၂၀၂၃)ရက်နေ့တွင် ညောင်ဦးခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၃-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီး ပျော်ဘွယ်ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ (၁၆) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၃၃,၆၀၀ိ/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၂၀-၄-၂၀၂၃) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၁-၄-၂၀၂၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်မှူးခင်မောင် လမ်းသွယ်(၃)လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လူနေအိမ် (၂၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ(၂,၂၀၀,၀၀၀ိ/-)၊ ဘေးသင့် လူဦးရေ (၁၆၁) ဦးတို့အတွက် ဆန်ရိက္ခာဖိုး (၃၃၈,၁၀၀ိ/-) နှင့် ကယ်ဆယ်ရေး ပစ္စည်း(၁၈) မျိုးတို့ကို (၂၃-၄-၂၀၂၃) ရက်နေ့တွင် ပုလောမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၃-၄-၂၀၂၃)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဝန်ဇင်ရပ်ကွက်၊ နယ်မြေ (၅)၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀ိ/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၄,၂၀၀ိ/-)၊ ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၂၄-၄-၂၀၂၃) ရက်နေ့တွင် မိတ္ထီလာခရိုင် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှု



(၁၇-၃-၂၀၂၃) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကံဘတ်ကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၌ မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်ကြောင့် ကြိုတင်ဖျက်သိမ်းနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၄) ဦးတို့အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၈,၄၀၀/-) တို့ကို (၃၁-၃-၂၀၂၃) ရက်နေ့တွင် အင်္ဂပူမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ

(၂၀-၃-၂၀၂၃) ရက်နေ့တွင် ကရင်ပြည်နယ်၊ ကျေးရွာ၌ အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူ(၂) ဦး အတွက် သေဆုံးထောက်ပံ့ငွေ (၆၀၀,၀၀၀/-) အား (၁၀-၄-၂၀၂၃) ရက်နေ့တွင် ဖာပွန်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃၀-၃-၂၀၂၃) ရက်နေ့မှ (၆-၄-၂၀၂၃) ရက်နေ့အထိ ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ မြဝတီမြို့နယ်ပေါ် ရပ်ကွက်များ၊ ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာသည့် တိုက်ပွဲရှောင် အိမ်ထောင်စုများမှ လူဦးရေ (၈၅၉) ဦး တို့အတွက် ဖာပွန်ခရိုင်၊ဖာပွန်မြို့နယ်၊ကမမောင်းမြို့၊ ဝါကော်ကျေးရွာ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁,၈၀၃,၉၀၀/-) အား (၁၀-၄-၂၀၂၃) ရက်နေ့တွင် မြဝတီခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၃၁-၃-၂၀၂၃) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်ရှိ စက်မှုဇုန် တိုက်ပွဲရှောင်စခန်းမှ နေရပ်ပြန်သည့် အိမ်ထောင်စုများမှ လူဦးရေ (၅၃၂) ဦးတို့အတွက် ထောက်ပံ့ငွေကျပ် (၁၈,၇၈၈,၀၀၀/-) အား (၃-၃-၂၀၂၃) ရက်နေ့တွင် ရခိုင်ပြည်နယ် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့** **နေပြည်တော်**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီး ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို (၂၅.၄.၂၀၂၃) ရက်နေ့ နံနက်(၁၀:၀၀)နာရီတွင် ပြန်လည် ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။



တက်ရောက်လာသော လုပ်ငန်းကော်မတီဝင်များမှ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကြေ ထိခိုက်ဒဏ်ရာ ရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ ကာကွယ်တားဆီးရေး အမျိုးသား အဆင့် လုပ်ငန်းစီမံချက်(၂၀၂၂-၂၀၂၃)ကို အကောင်အထည် ဖော်ဆောင်ရွက်မှုအခြေနေ၊ ကြုံတွေ့ရသည့် အခက်အခဲ နှင့် အကြံပြုချက် တို့ကို တင်ပြဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်က လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ် များ အပေါ်သေကြေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများမှ ကာကွယ်တားဆီးရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) ၏ လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်မှု တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## မသန်စွမ်းသူများ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးဆပ်ကော်မတီ အစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့** **နေပြည်တော်**



မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်း

ဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ဆပ်ကော်မတီ အစည်းအဝေးကို မသန်စွမ်းသူများ ပြုစု စောင့်ရှောက်ရေး လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးညဏ်မြင့်အောင် ဦးဆောင်၍ ပြန်လည် ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ (၂၆-၄-၂၀၂၃)

ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ ဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မသန်စွမ်းသူ ကလေးသူငယ်များအတွက် အထူးပညာရေး အကူဆရာမ အလုပ်အကိုင်နှင့် အခြေခံဆရာမ အလုပ်အကိုင်တို့ကို "စံ" သတ်မှတ်ချက်များ အလုပ်အကိုင် ပိုမိုရရှိဖို့ ကျွမ်းကျင်မှု "စံ" များ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေးကျင်းပခြင်း

**၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့** **နေပြည်တော်**



မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက် နည်းပညာနှင့် လွယ်ကူစွာ သွားလာ နေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ဆပ်ကော်မတီ အစည်းအဝေးကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေးဆိုင်ရာ ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကော်မတီဝင် (၁၆) ဦးဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်နည်းပညာ နှင့် လွယ်ကူစွာသွားလာ နေထိုင်အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

